

# သပြေညို မွေးနေ့

မှတ်မိသေးသည် ၊ ရှေးသရောခါ
ထောင့်သုံးရာဟု ၊ မြန်မာသက္ကရာဇ်
အေဒီနှစ်ကား ၊  တစ် ကိုး သုံး ရှစ်
တော်လှန်ခေတ်တွင်
ဖြစ်ကြပျက်ကြ ၊ မြန်မာ့နဒ္ဒ
သောကလှိုင်းကြီး  ရိုက်လွှမ်းလျက်။

ငါတို့မှာကား ၊နိုင်ငံခြား၌
ကြားရသတင်း ၊မကောင်းခြင်းကြောင့်
ရင်တွင်းပူကာ ၊ စိတ်မသာသည်
ပညာရှာရင်း  ပြန်ပြေးလို့။
မိခင့်ခြေရင်း  မြန်ပြည်ကို။

သို့ပင်အမှန် ၊ စိတ်တွင်ကြံလည်း
မပြန်နိုင်ဘဲ ၊  အံကိုခဲလျက်
နှင်းခဲဖြူလွ ၊ ဖွေးဖွေးကျခိုက်
လ ဇန်နဝါရီ ၊ လေးရက်ဆီတွင်
ရေးစီမိသည် သပြေညို။
ဝေးရပ်မြေက ကျွန်စာဆို။
ဦးခိုက်လိုက်၏  မိခင်ကို။

ကဗျာမွေးနေ့ ၊ ဆယ်နှစ်စေ့က
နှင်းငွေ့မှုန်လျက် ၊ အာရုဏ်တက်တွင်
လင်းကြက်တွန်သံ ၊ ထောင်နားခံ၍
မိုးယံပြည့်လျှမ်း ၊ အောင်စည်ရွှမ်းသည်
လွှမ်းငွေဖြာမိ  ထိုနေ့ကို
ချမ်းမြေ့ပါဘိ  စိတ်နှင့်ကိုယ်။  ။

မင်းသုဝဏ်
၁၅ ၊ ၁၁ ၊ ၈၇ ။